
ဝန်ဇင်း
Read on the move
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ကာတ္တီပါစံအိမ်

# အောင်မြတ်သာနှင့်ကတ္တီပါစံအိမ်

သီပေါမင်းပါတော်မူပြီး နောက်ပိုင်း မြန်မာနန်းတွင်း သွေးပါသူ အများ စုက အင်္ဂလိပ်နယ်ချဲ့တွေကို ရရာလက်နက်စွဲကိုင်ပြီး တွန်းလှန် တိုက်ခိုက်ခဲ့ကြတယ်။

တချို့တွေကတော့ အင်္ဂလိပ် လက်အောက်ကို ခိုလှုံပြီး မျက်နှာဖြူ န ယ်ချဲ့အစိုးရရဲ့ ပေးစာကမ်းစာကို ယူကာ ဘဝကို ဖြစ်သလို ဖြတ်သန်းခဲ့ကြတယ်။

အဲဒီထဲကမှ သီပေါဘုရင်ရဲ့ ကိုယ်ရံတော် အဖွဲ့ထဲက မောင်မှတ်ဆို သူက ဘုရင့်ဘဏ္ဍာတိုက်ထဲက ရွှေငွေလက်ဝတ်ရတနာ အမြောက်အမြားကို ခိုးယူပြီး မတ္တရာနယ်မြေ အတွင်းမှာ နောက်ကြော င်း ဖျောက်ကာ သာမန်အရပ်သားအဖြစ် ဇာတ်မြှုပ်နေခဲ့တယ်။

သီပေါဘုရင် ပါတော်မူပြီး နောက်ပိုင်း အုံကြွလာတဲ့ ပုန်ကန်မှုတွေ ကို ဗြိတိသျှနယ်ချဲ့ အစိုးရက ပြတ်ပြတ်သားသား အရေးယူနေတဲ့ အချိန် မောင်မှတ်ကတော့ အင်္ဂလိပ်နယ်ချဲ့နဲ့ ပူးပေါင်းကာ မိမိစားခွက် မပျော က်ရေး လမ်းစဉ်ကို ကျင့်သုံးခဲ့တယ်။

လူရည်လည်တဲ့ မောင်မှတ်ရဲ့ လုပ်ရည် ကိုင်ရည်ကြောင့် အင်္ဂလိပ်အ စိုးရရဲ့ သူကောင်းပြုခြင်းကို ခံခဲ့ရတယ်။ နယ်ချဲ့အစိုးရ ခေတ်မှာ နန်း တော်ထဲက ရလာတဲ့ ရတနာအချို့ကို ထုခွဲရောင်းချပြီး ပွဲရုံတစ်ခုကို တ

ည်ခဲ့တယ်။ ပွဲရုံနာမည်က ကတ္တီပါပွဲရုံတဲ့ ။

မောင်မှတ်က ကတ္တီပါအသားကို အရမ်းနှစ်သက်သူ တစ်ဦးဖြစ်တဲ့ အလျောက် သူ့အဝတ်အစားတိုင်းကို ကတ္တီပါစများ နဲ့ ပဲ ချုပ်ဝတ်လေ့ရှိတယ်။ အင်္ဂလိပ်အစိုးရရဲ့ မျက်နှာသာပေးမှုနဲ့ သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကြောင့် ကတ္တီပါပွဲရုံက တဖြည်းဖြည်း အောင်မြင်လာခဲ့တယ်။ အောင်မြင် လာတာနဲ့ အမျှ လောဘက တဖြည်းဖြည်း တက်လာခဲ့တယ် ။ သူနေမယ့်အိမ်ကိုလည်း ခမ်းခမ်းနားနား ဆောက်ပြီး ကတ္တီပါစံအိမ်လို့ အမည်ပေးခဲ့တယ်။

မောင်မှတ်မှာ က ဇနီးတစ်ယောက် ရှိတယ် သူ့နာမည်က မယ်ရွှေလို့ ခေါ်တယ်။ မယ်ရွှေနဲ့ ရတဲ့ ကလေးက သားနှစ်ယောက် သမီးတစ်ယောက်။ ပွဲရုံလုပ်ငန်းက တဖြည်းဖြည်း အောင်မြင်လာတဲ့ နောက်ပိုင်း ပွဲရုံလက်ခွဲတွေကိုလည်း တိုးပြီး ဖွင့်ခဲ့တယ်။ သားသမီးတွေက ပွဲရုံအလုပ်ကို ကူညီလုပ်ကိုင် ပေးကြတဲ့ အတွက် ရှိရင်းစွဲ ဥစ္စာပစ္စည်းတွေထက် တဖြည်းဖြည်း ပို၍ များ ပြားလာခဲ့တယ်။ မောင်မှတ်ဘဝကနေလဲ ဦးမှတ်ဆိုပြီး ဖြစ်လာခဲ့တယ်။

အောင်မြင်လာတော့ မိန်းမကိစ္စ အရှုပ်အရှင်း ရှိလာခဲ့ပြီး ဇနီးဖြစ်သူ ကျန်းမာရေး မကောင်းတဲ့ အချိန် နောက်မိန်းမ အငယ်အနှောင်း ထားပါလေရော။ မိန်းမဖြစ်သူဆုံးတော့ နောက်မိန်းမကို အိမ်ပေါ်မှာ ခေါ်တင်ထားခဲ့တယ်။ နောက်မိန်းမရဲ့ ကြိုးကိုင်မှုတွေကြောင့် သားသမီးတွေနဲ့လည်း အဆင်မပြေတော့ဘူး။ လောင်းကစားမက်တဲ့ မိန်းမကြောင့် ရှိတဲ့ စီးပွားရေးတွေလည်း တဖြည်းဖြည်း ကျဆင်းလာခဲ့တယ်။

ဒါပေမဲ့ စုဆောင်းထားတဲ့ အရာတွေကို ဘယ်နေရာမှာ ထားလဲ ဆိုတာကိုတော့ ဦးမှတ်ကလွဲပြီး ဘယ်သူမှ မသိခဲ့ဘူး။ နောက်မိန်းမကလ

ည်း အတွင်းပစ္စည်းတွေ ရှိတယ်ဆိုတာ သိပေမဲ့ ဘယ်မှာ ထားမှန်း မသိတဲ့ အတွက် ဦးမှတ်ကို ချော့တစ်ခါခြောက်တစ်လှည့် မေးမြန်းဖို့ ကြိုးစားပေမဲ့ အရာမထင်ခဲ့ဘူး။ ဦးမှတ်ရဲ့ စံအိမ်ထဲမှာ မြေတိုက်ခန်းတွေတောင် ရှိတယ်လို့ ရောက်ဖူးတဲ့ သူတွေက ပြောကြတယ်။ ဦးမှတ်ကတော့ သူ့အိမ်ထဲကို တော်ရုံတန်ရုံ အပြင်လူ မပေးဝင်ဘူး။ ဦးမှတ်ရဲ့ ပွဲရုံလုပ်ငန်းတွေကိုလည်း နောက်မိန်းမ ဖြစ်သူကပဲ ခြယ်လှယ်ခဲ့တယ်။

ဦးမှတ်ရဲ့ သားသမီးတွေက မကျေနပ်ပေမဲ့ ဖခင်ဖြစ်သူရဲ့ အုပ်ချုပ်မှုအောက်မှာ နေနေရတဲ့ အတွက် မလွန်ဆန်ရဲခဲ့ဘူး။ ဦးမှတ်မှာ လည်း ညဘက် လန့်လန့်နိုးတဲ့ ရောဂါတစ်ခု ရုတ်တရက် စွဲကပ်လာခဲ့တယ်။ အိပ်ပျော်နေရင် အခန်းထဲမှာ လူတစ်ယောက် လမ်းလျှောက်နေတဲ့ အသံတွေကြားလာရတယ်။ တစ်ခါတစ်ရံ ကြောက်မယ်ဖွယ် ညည်းတွားသံတွေကိုလည်း ကြားရတယ်။ သိပ်မကြာခင်မှာ ပဲ ဦးမှတ်ရဲ့ နောက်မိန်းမက နယ်က သူ့အမျိုးတွေကို ခဏ ခေါ်ထားမယ်ဆိုပြီး မိန်းမနှစ်ယောက်နဲ့ ယောကျ်ား တစ်ယောက်ကို အိမ်ပေါ် ခေါ်တင်လာခဲ့တယ်။

အိမ်ပေါ် ခေါ်တင်ပြီး နှစ်လလောက် အလိုမှာ ပဲ ဦးမှတ်ရဲ့ သားနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဆိုသလို သွေးအန်ပြီး ဆုံးသွားတယ်။ ဦးမှတ်ကလည်း အဲဒီအချိန် အိပ်ရာထဲ လဲနေတာမို့ ဘာမှ စီမံနိုင်မှု မရှိတော့ဘူး။ မောင်နှမ သုံးယောက်ထဲမှာ တစ်ယောက်တည်း ကျန်တဲ့ အငယ်ဆုံး သမီးကတော့ သူ့အစ်ကိုတွေ ရက်လည်တဲ့ နေ့မှာ ပဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်။

ဦးမှတ်ပိုင်ဆိုင်တဲ့ ပွဲရုံတွေကိုလည်း နောက်မိန်းမက အကုန် ရောင်းပစ်ခဲ့တယ်။ ဦးမှတ်ရဲ့ အိမ်အနီးနား တစ်ဝိုက်မှာ နေတဲ့ သူတွေကတော့ ညဘက်သန်းခေါင် အချိန်ဆိုရင် အိမ်အနောက်ဘက်က သရက်ပင်အော

က်မှာ အမဲအူစုံသဲစုံတွေကို ၄က်ပျောဖက်နဲ့ လာလာထားတဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်လို့ ပြောကြတယ်။

ဦးမှတ်လည်း သိပ်မကြာခင် ဆုံးသွားတယ်။ ဘာကြောင့် ဆုံးတယ်ဆိုတာ အတိအကျ ဘယ်သူမှ မသိခဲ့ရဘူး။ ဦးမှတ်ဆုံးပြီး နောက်ပိုင်း ကတ္တီပါ စံအိမ်ပေါ်မှာ နောက်မိန်းမနဲ့ သူ့အမျိုးတွေ ဆက်နေခဲ့ကြတယ်။ ဦးမှတ်ဆုံးပြီး လေးလလောက် အကြာမှာ ကတ္တီပါစံအိမ်မှာ သုံးလောင်းပြိုင် လူသတ်မှုတစ်ခု ဖြစ်ခဲ့တယ်။

သေဆုံးသူတွေက ဦးမှတ်ရဲ့ နောက်မိန်းမနဲ့ သူ့ရဲ့ အမျိုး နှစ်ယောက်ပဲ။ အင်္ဂလိပ်အစိုးရက တစ်ယောက်နဲ့ တစ်ယောက် အမွေလုရင်း သတ်ကြတာလို့ ပြောပြီး အမှုပိတ် လိုက်ကြတယ်။ ကတ္တီပါ စံအိမ်ကြီးကိုလည်း ချိပ်ပိတ်ခဲ့တယ်။ ကတ္တီပါစံအိမ်မှာ ဘာတွေ ဘယ်လို ဖြစ်ခဲ့တယ် ဆိုတာကိုတော့ ဘယ်သူမှ အတိအကျ မပြောနိုင်ခဲ့ဘူး။

နှစ်တွေ တဖြည်းဖြည်း ကြာလာတော့ အရင်က အရမ်း ခမ်းနားခဲ့တဲ့ ကတ္တီပါစံအိမ်ကြီးကလည်း တဖြည်းဖြည်း ယိုယွင်း ပျက်စီးလာခဲ့တယ်။ အမှောင်ဒုစရိုက်သမား အချို့က ဟောင်းနွမ်း ဆွေးမြည့်နေတဲ့ ကတ္တီပါစံအိမ်ကို နောက်ခံထားပြီး မကောင်းမှုကျူးလွန်ဖို့ ကြိုးစားကြပေမဲ့ သွေးပျက် ထိတ်လန့်ဖွယ် ဖြစ်ရပ်တွေနဲ့ ကြုံရပြီး ပြေးကြရတာ များ တယ်။

အဲဒီနောက်ပိုင်း ကတ္တီပါစံအိမ် အနီးတစ်ဝိုက်ဟာ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ် လာပြီး ဘယ်သူမှ မသွားမလာရဲလောက်အောင် ချောက်ချားဖွယ် ဖြစ်ခဲ့ရတယ်။

အဖြစ်အပျက်တွေ ဖြစ်ပြီး နှစ်ပေါင်းများ စွာ ကြာတဲ့ အခါမှာ တော့ အစိုးရက ကတ္တီပါစံအိမ်ကြီးကို နိုင်ငံပိုင်အဖြစ် သိမ်းခဲ့တယ်။ ဆွေးမြည့်ပျက်စီးနေတဲ့ ကတ္တီပါ စံအိမ်ကြီးကို ဖျက်ပြီး အသစ်ပြန်ဆောက်ဖို့ ကြိုး

စားခဲ့ပေမဲ့ ပျဉ်တစ်ချပ်ခွာတဲ့ သူတိုင်း သွေးပျက်ဖွယ် ဖြစ်ရပ်တွေ ကြုံခဲ့ရတယ်။ အရမ်းကြမ်းလွန်းတဲ့ ကတ္တီပါစံအိမ်ကို ကရိန်းကားတွေနဲ့ ဖြိုဖျက်ဖို့ လုပ်တဲ့ အချိန်မှာ တော့ ဦးမှတ်ရဲ့ သမီးဖြစ်သူ ပြန်ပေါ်လာခဲ့တယ်။

အသက်၂၀ကျော် အရွယ်ထဲက ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီး ပြန်ပေါ်လာတဲ့ အချိန်မှာ တော့ အသက်၈၀အရွယ် သီလရှင်တစ်ပါး ဖြစ်နေခဲ့တယ်။ ဦးမှတ်ရဲ့ သမီးဖြစ်သူ ပြန်ပေါ်လာတော့ နိုင်ငံပိုင်သိမ်းမယ့်ကိစ္စက ပျက်သွားတယ်။ ဆရာလေးကတော့ သူ့အဖေပိုင်တဲ့ ဒီအိမ်ကို ရောင်းပြီး စစ်ကိုင်းတောင်ရိုးမှာ စေတီတစ်ဆူတည်ဖို့ ရည်စူးခဲ့ပေမဲ့ ဆရာလေး ဆုံးပါးသွားတဲ့ အချိန်ထိ အိမ်ကို ရောင်းမထွက်ခဲ့ဘူး။